KBZ BANK
STRENGTH OF MYANMAR



# SAVING
## DEPOSIT ACCOUNT

### စာရင်းဖွင့်လှစ်ခြင်း
ပုဂ္ဂလိကတစ်ဦးချင်းစာရင်း၊ နှစ်ဦး(သို့)နှစ်ဦးထက်ပိုသော ပုဂ္ဂိုလ်များတွဲဖက်၍ ဖွင့်လှစ်သောစာရင်း၊ အရွယ်မရောက်သေးသူများစာရင်း၊ လူမှုရေး၊ ဘာသာရေးနှင့် စီးပွားရေးအဖွဲ့အစည်း၊ အမည်စာရင်းများ စသည်ဖြင့် ဖွင့်လှစ်နိုင်ပါသည်။ ကနဦးကျပ် (၁၀၀၀) ပေးသွင်း၍ စာရင်းဖွင့်လှစ်နိုင်ပါသည်။ လက်ကျန်ငွေကိုမူ အနည်းဆုံးကျပ်(၁၀၀၀) ထားရှိရပါမည်။

### အတိုးနှုန်း
ကမ္ဘောဇဘဏ်၏ ငွေစုဘဏ်အပ်ငွေအတိုးနှုန်းမှာ တစ်နှစ်လျှင် (၈.၂၅% )ဖြစ်ပါသည်။ အတိုးကို လစဉ်လဆန်း (၅)ရက်မှ လကုန်ရက် အတွင်း၊ အနိမ့်ဆုံးလက်ကျန်ပေါ်တွင် တွက်ပေးပါသည်။ အတိုးငွေများကို တစ်နှစ်လျှင် လေးကြိမ် (ဇွန်လကုန်၊ စက်တင်ဘာလကုန်၊ ဒီဇင်ဘာလကုန် နှင့် မတ်လကုန်) သတ်မှတ်ထားသည့် နေ့များ တွင် စာရင်းပိုင်ရှင်များ၏ စာရင်းသို့ထည့်သွင်းပေးပါမည်။

### ငွေစုစာအုပ် (Saving Passbook )
ငွေစုဘဏ်စာရင်းပိုင်ရှင်တိုင်းအား ငွေအသွင်းအထုတ်နှင့် လက်ကျန်ငွေတို့ကို အတည်ပြုထားသည့်ငွေစုစာအုပ်ထုတ်ပေးမည်ဖြစ်ပါသည်။ ငွေစုစာအုပ်မပါဘဲ သာမန်အားဖြင့်ငွေထုတ်ယူခွင့်မရှိပါ။



**8.25%**

### ငွေထုတ်ယူခြင်း
မိမိ၏ **Account** ထားရှိသော ကမ္ဘောဇဘဏ်ခွဲ၌ ငွေကိုကိုယ်တိုင် ထုတ်ယူနိုင်သည့်အပြင် ကိုယ်စားလှယ်ဖြင့်လည်း ငွေထုတ်ယူနိုင်ပါသည်။ ကမ္ဘောဇဘဏ်မည်သည့်ဘဏ်ခွဲများတွင်မဆို **(Online Banking System)** ဖြင့် ငွေအသွင်းအထုတ် ပြုလုပ်နိုင်ပါသည်။ သို့သော် မိမိ၏ **Accont** မရှိသော ကမ္ဘောဇဘဏ်များ၌ငွေထုတ်ယူလိုပါက ငွေစုဘဏ် စာရင်းပိုင်ရှင်ဖြစ်ရမည့်အပြင် ငွေစုစာအုပ်နှင့် မှတ်ပုံတင်မူရင်းတို့ကို တင်ပြရမည်ဖြစ်ပါသည်။

### စာရင်းပိတ်ခြင်း
ငွေစုဘဏ်စာရင်းကို ပိတ်လိုပါက ငွေစုစာအုပ်ကို ဘဏ်သို့ ပြန်လည်ပေးအပ်ပြီး အလွယ်တကူစာရင်းပိတ်နိုင်ပါသည်။ ကျသင့်သော အတိုးနှင့် လက်ကျန်ငွေများကို ဘဏ်ကထုတ်ပေးမည်ဖြစ်ပါသည်။

### တွဲဖက်ငွေအပ်နှံသူများ
ဘဏ်သို့ သီးခြားညွှန်ကြားချက် မပေးထားခဲ့လျှင် တွဲဖက်ငွေအပ်နှံသူများအနက် တစ်ဦးဦးကွယ်လွန်ပါက ကျန်စာရင်းပိုင်ရှင် (များ) အားဘဏ်မှငွေထုတ်ပေးပြီး စာရင်းပိတ်ပေးမည်ဖြစ်ပါသည်။

### ငွေစုဘဏ်အပ်ငွေစာအုပ်အပ်နှံပြီး ငွေချေးခြင်း
ငွေစုဘဏ်အပ်ငွေစာအုပ်အားဘဏ်တွင် အာမခံအဖြစ်ထား၍ ငွေချေးယူနိုင်ပါသည်။